PARAMI ENERGY

THE GLOBAL COMPACT WE SUPPORT

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်

## ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုအတွက်လူ့အခွင့်အရေးမူဝါဒ

**နိဒါန်း**

၁။ ပါရမီအနေဖြင့် လူ့ဂုဏ်သိက္ခာ၊ ထူးချွန်မှုနှင့် ပညာရှင်ပီသမှုတို့ကို ကိုယ်စားပြုသော တန်ဖိုးနှင့် ယုံကြည်မှုစသည်တို့ကို လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ထို့ကြောင့်မိမိတို့၏ လူ့အခွင့်အရေးမူဝါဒသည် ဤကတိကဝတ်ကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ မူဘောင်တစ်ခုကို တည်ထောင်ထားပါသည်။ မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်နေသော အစိုးရဌာနဆိုင် ရာပုဂ္ဂိုလ်များနှင့် လုပ်ငန်းများကို အရည်အချင်းမြင့်မားသည့် ဝန်ဆောင်မှုများပေးရန် ရည်ရွယ်ချက်ဖြင့် ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုကို (၂၀၀၄) ခုနှစ်တွင် စတင်ခဲ့ပါသည်။ ပါရမီသည် အခြေခံအားဖြင့် အင်ဂျင်နီယာလုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းမှ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စုအဖြစ် လုပ်ငန်းများ ချဲ့ထွင်ခဲ့ပါသည်။ ပါရမီ၏ အဓိကစီးပွားရေး လုပ်ငန်းများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ဘဏ်လုပ်ငန်းနှင့် အာမခံကဏ္ဍများ စသည်တို့ပါဝင်ပါသည်။

၂။ မိမိတို့၏ လူ့အခွင့်အရေးမူဝါဒကို ကုလသမဂ္ဂလူ့အခွင့်အရေး ကြေညာစာတမ်း (နောက်ဆက်တွဲ –က) နှင့်ကုလသမဂ္ဂပဏာမတရားဝင် (Compact Initiative) သဘောတူညီချက်တို့၏ လမ်းညွှန်ချက်များအရ ချမှတ်ထားပါသည်။ ကုမ္ပဏီသည် (၂၀၁၂) ခုနှစ်ကတည်းက ကုလသမဂ္ဂ တရားဝင်သဘောတူညီချက်ကို လေးစားလိုက်နာသော အဖွဲ့ဝင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် အဓိကလိုက်နာသော လူ့အခွင့်အရေးစည်းမျဉ်းနှစ်ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) စီးပွားရေးလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာမှ ထုတ်ပြန်ကြေညာထားသော လူ့အခွင့်အရေးများကို လေးစားပြီး ထောက်ခံအားပေးခြင်းပြုရမည်။

( ခ) စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေး အလွဲသုံးစားပြုမှုတွင် လုံးဝပါဝင်ပတ်သက်ကျူးလွန်ခြင်း မရှိစေရန်သေချာစွာ ပြုလုပ်ဆောင်ရွက်ရမည်။

၃။ ထို့အပြင် ကုမ္ပဏီအနေဖြင့် လူ့ဂုဏ်သိက္ခာကိုတိုးမြှင့်ရန် ကမ္ဘာ့စီးပွားရေးဖိုရမ် ပဏာမခြေလှမ်း တစ်ခုဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာဂုဏ်သိက္ခာအဖွဲ့အစည်း၊ Global Dignity Organization (နောက်ဆက်တွဲ(ခ))အနေဖြင့် ချမှတ်ထားသောစည်းမျဉ်းများကို လိုက်နာရန် သဘောတူကတိ